# သာမန်ကာလ (၁၅) ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာတေဦး ၁၃း၁ - ၂၃

ယခုခေတ်လူတွေက ကိုယ့်အတွေးအခေါ်အတိုင်း နေထိုင်ကြတယ်။ ကိုယ်မှန်တယ်ထင်တာကို ကိုယ်လုပ်တတ်ကြတယ်။ တစ်ခြားလူတွေလည်း သူထင်ရာသူ လုပ်တာပဲ။ ကိုယ်လည်း ကိုယ်ထင်ရာ ကိုယ်လုပ်တာပဲ။ ဒါဆိုရင် ဘယ်သူထင်ရာက အမှန်လဲ။ လူ့အသိုင်းအဝိုင်းမှာ ညီညီညွတ်ညွတ် ဖြစ်စေဖို့အတွက် လူအားလုံး လိုက်နာကျင့်ကြံရမည့် အမှန်တရားက ဘာလဲ။ အဲဒီအမှန်ကို ဘယ်မှာ ရှာဖွေတွေ့နိုင်ပါသလဲ။

ယေဇူးဘုရားရှင်က "ငါသည် လမ်းဖြစ်၏။ ငါသည် သမ္မာတရား(အမှန်တရား) ဖြစ်၏။" လို့ မိန့်တော်မူထားပါတယ်။ တစ်ခြား ဘယ်ဘုရားကမျှ အဲ့ဒီလို မမိန့်ကြားခဲ့ပါဘူး။ ဒါကြောင့် ယေဇူးဘုရားရှင် တစ်ပါးတည်းကသာ လမ်းဖြစ်တယ် (ကောင်းကင်ဘုံသို့ သွားတဲ့လမ်း) ဖြစ်တော်မူတယ်။ ယေဇူးဘုရားရှင် တစ်ပါးတည်းကသာ သမ္မာတရား(အမှန်တရား) ဖြစ်တော်မူတယ်။ ဒါဆိုရင် လူအားလုံး လိုက်နာကျင့်ကြံရမည့် အမှန်တရားဆိုတာက ယေဇူးဘုရားရှင်က ဟောကြားတဲ့တရား ဖြစ်ပါတယ်။ ဒါဟာ တယူသန်သက်သက် ပြောတာ မဟုတ်ပါဘူး။ လူ့ဘဝမှာ ဘယ်လိုနေထိုင်ရမလဲဆိုတာ လူကို ဖန်ဆင်းထားတဲ့ဘုရားက ပိုသိမှာပေါ့။ သူ ဖန်ဆင်းထားတဲ့လူပဲ ဥစ္စာ။ ဒါကြောင့် လူ့ဘဝကို အဓိပ္ပါယ်ရှိရှိ ၊ ရည်ရွယ်ချက်ရှိရှိ ၊ တန်ဖိုးရှိရှိ နေထိုင်နိုင်ဖို့ ဘယ်လိုကျင့်ကြံနေထိုင်ရမလဲဆိုတာ သိချင်ရင် ယေဇူးဘုရားရှင်ရဲ့တရားတော်မှာ ရှာဖွေပါ။

ယေဇူးဘုရားရှင်ရဲ့တရားတော်ကို ခရစ်ယာန် ကျမ်းစာအုပ်ထဲမှာ တွေ့ရှိနိုင်ပါတယ်။ အဲ့ဒီ ယေဇူးဘုရားရှင်ရဲ့တရားတော်ကို လူတွေ သိနားလည်နိုင်ဖို့ တမန်တော်ကြီးများမှတစ်ဆင့် လက်ဆင့်ကမ်း သင်ကြားပေးစေပါတယ်။ ဒါကြောင့် ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာထဲမှာ ယေဇူးဘုရားရှင်က "သင်တို့သည် ကောင်းကင်နိုင်ငံတော်၏နက်နဲသောအရာတို့ကို သိရသောအခွင့်ရှိကြ၏။ ထိုသူတို့မူကား အခွင့်မရှိကြ " တဲ့ ။ ဒါကြောင့် တမန်တော်ကြီးများမှ ဆင်းသက်လာတဲ့ ဆရာတော်ကြီးများမှာ ကျမ်းစာကို ရှင်းပြခွင့် ၊ အဓိပ္ပါယ်ဖွင့်ဆိုခွင့် ရှိကြပြီး လူတို့ကို ဟောပြောသွန်သင်ရပါတယ်။ ယေဇူးဘုရားရှင်က ဆက်လက်မိန့်တော်မူတာက "သင်တို့မျက်စိသည် မြင်သောကြောင့် သင်တို့သည် မင်္ဂလာရှိကြ၏။ သင်တို့၏နားသည်လည်း ကြားသောကြောင့် သင်တို့သည် မင်္ဂလာရှိကြ၏။"

အဲဒီလို သင်ကြားပိုင်ခွင့်ရှိပေမဲ့ အသင်းတော်ရဲ့သင်ကြားပိုင်ခွင့်အာဏာက ဘုရားရဲ့တရားတော်ကို အာဏာနဲ့ ချုပ်ကိုင်တာ မဟုတ်ပါဘူး။ ဘုရားရဲ့တရားတော်အတိုင်း လူတွေ သိနားလည်ပြီး ကျင့်ကြံနေထိုင်စေဖို့ အစေခံပေးရမှာပါ၊ ဟောပြောသက်သေခံပေးရမှာပါ။

ဘုရားရဲ့တရားတော်က လူတွေအတွက် ဘယ်လောက်တောင် အရေးကြီးသလဲဆိုရင် လူအားလုံးကသာ ဘုရားရဲ့တရားတော်အတိုင်း ကျင့်ကြံနေရင် ကမ္ဘာပေါ်မှာ စစ်ဖြစ်စရာအကြောင်း မရှိဘူး။ ဝတ်ပြတ်စရာအကြောင်း မရှိဘူး။ စစ်ဘေးရှောင်စရာ နေရပ်စွန့်ခွါထွက်ပြေးစရာအကြောင်း မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားရဲ့တရားတော်က လူလူချင်း ချစ်ကြဖို့ သင်ပေးတယ်။

ဘုရားရဲ့တရားတော်က လူတွေအတွက် ဘယ်လောက်တောင် အရေးကြီးသလဲဆိုရင် လူတိုင်းကသာ ဘုရားရဲ့တရားတော်အတိုင်း ကျင့်ကြံကြရင် ဒီလောကမှာ အမိပ္ပါယ်ရှိရှိ ၊ ရည်ရွယ်ချက်ရှိရှိ နေထိုင်နိုင်လို့ ဘယ်သူမှ စိတ်ပျက်လက်ပျက် အသက်ရှင်ကြမှာ မဟုတ်တော့ဘူး၊ ဘယ်သူမှ ကိုယ့်ကိုယ်ကို အဆုံးစီရင်မှာ မဟုတ်တော့ဘူး။ ဘာ့လို့လဲဆိုတော့ ဘုရားရဲ့တရားတော်ထဲက ဂတိတော်တွေအတိုင်း ငါတို့ဟာ ကောင်းကင်ဘုံ ထာဝရအိမ်တော်ကို သွားနေကြတဲ့ လောကခရီးသည်တွေလို့ ကိုယ့်ကိုယ်ကို သိထားကြလို့ပါပဲ။

ဘုရားရဲ့တရားတော်တွေပါတဲ့ ခရစ်ယာန်ကျမ်းစာက အဲ့ဒီလောက် အရေးကြီးမှန်း သိရဲ့သားနဲ့ တစ်ချို့လူတွေက ကျမ်းစာကို အလေးမထားကြဘူး။ သိတယ်၊ အလေးမထားဘူး။ ဥပမာ - " ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်နိုင်ပါသည် " ဆိုတာ ဆေးလိပ်ဗူးမှာ ရေးထားလို့ လူတိုင်း သိကြပါတယ်။ ဒါပေမဲ့ ဆက်သောက်ကြတာပါပဲ။ သိတာက သိတာပဲ၊ လူတွေက ကိုယ်သိတဲ့ကျန်းမာရေးသတိပေးချက်ကို လက်ခံဖို့ ဘယ်လောက် စိတ်အားထက်သန်မှု ရှိသလဲဆိုတာက ပိုအရေးကြီးလာပါတယ်။ အခုလည်း လူ့ဘဝရဲ့လမ်းညွှန်ချက်ဖြစ်တဲ့ ဘုရားရဲ့တရားတော်ကို လက်ခံဖို့ ဘယ်လောက်တောင် စိတ်ဆန္ဒ ပြင်းထန်သလဲဆိုတာက ပိုအရေးကြီးလာပြီ။ ယနေ့ ကျမ်းစာမှာ ယေရှုဘုရားရှင်က သူ့ရဲ့ တရားနာ ပရိတ်သတ်တွေကို ၄ မျိုး၊ ၄ စား ခွဲပြထားတယ်။

နံပါတ်(၁) အမျိုးအစားကတော့ လမ်းပေါ်မှာကျတဲ့ မျိုးစေ့လိုဘဲ ဘုရားရဲ့တရားတော် (နှုတ်တော်ထွက်စကား)ကို ကြားတယ်။ ဒါပေမဲ့ နားမထောင်ဘူး၊ နားမလည်ဘူး၊ နားလည်အောင်လည်း မကျိုးစားဘူး။ အဲ့ဒီလို အလေးမထားတဲ့အဖွဲ့ပါပဲ။ သူတို့က နားလည်ဖို့ ကျိုးစားစရာလိုတယ်၊ ဘုရားကို ရှာဖွေလိုစိတ် ရှိဖို့လိုတယ်။ ဒီအဖွဲ့ထဲမှာ နှစ်ရှည်လများ ဆိုးမိုက်နေတဲ့ဘာသာသူတွေလည်း ပါတယ်။ ဥပမာ အရက်ကို အလွန်အကျူး သောက်နေတဲ့သူတွေကို ကြည့်ပါ။ အရက်ကို တစ်ပက်၊ နှစ်ပက် သောက်တာ အပြစ်ရှိသလား ဗျာ၊ မရှိပါဘူး။ ဒါပေမဲ့ ဒီလူတွေကျတော့ အလွန်အကျွံ သောက်ကြတာက အပြစ် ရှိတယ်။ နောက်တစ်ပြစ်က ကိုယ်အရက်သောက်လို့ မိသားစုကို စိတ်ဆင်းရဲစေတယ်ဆိုရင် နောက်ထပ် အပြစ်တစ်ခု ။ ဒီလူတွေဟာ ဘုရားရဲ့တရားတော်ကို အလေးမထားကြလို့ အခုလို စိတ်ဆင်းရဲစရာတွေ ကြုံနေရတယ် မဟုတ်ဘူးလား၊ ကြည့်လေ - မိသားစု ပြိုကွဲရပြီ ၊ မိဘ စိတ်ဆင်းရဲ ရပြီ၊ ကျန်းမာရေး ထိခိုက်ပြီး ဆေးကုသစရိတ်ကြောင့် ဆင်းရဲရပြီ ၊ ကဲ ဘာကောင်းသေးလဲ။ ဘုရားရဲ့တရားတော်အတိုင်း ကျမ်းစာအတိုင်း မနေထိုင်လို့ ကြုံလာရတဲ့ဒုက္ခတွေပဲလို့ ကျနော်ပြောရင် ဘယ်သူငြင်းချင်သေးလဲ။

နံပါတ် (၂) အမျိုးအစားကတော့ မြေဆီလွှာပါးပြီး ကျောက်ခံမြေပေါ်မှာ ကျတဲ့မျိုးစေ့ဖြစ်တယ်။ ဘုရားရဲ့တရားတော်(ကျမ်းစာစကား)ကို နားလည်တယ်၊ လက်ခံတယ်။ ဒါပေမဲ့ လေးလေးနက်နက် မထားဘူး။ အခက်အခဲဒုက္ခ ကြုံလာရရင် ဘုရားရဲ့တရားတော်အတိုင်း စွဲစွဲမြဲမြဲ မကျင့်ကြံ မနေထိုင်တော့ပါဘူး။ ဘုရားကို ယုံကြည်စိတ်ချတဲ့လူက ဘယ်လိုဒုက္ခပဲကြုံကြုံ အဆုံးတိုင်အောင် တည်မြဲတယ်။ ခံထမ်းရတဲ့ဒုက္ခတွေကို ဘုရားထံ ပူဇော်ပြီး ခံယူနိုင်တယ်။

နံပါတ်(၃) အမျိုးအစားကတော့ ဆူးပင်တွေအကြားမှာ ကျတဲ့မျိုးစေ့ ဖြစ်တယ်။ ဘုရားရဲ့တရားတော်(ကျမ်းစာစကား)ကို နားလည်တယ်၊ လက်ခံတယ်။ လောကီရေးရာတွေမှာ

လောဘကြီးချင်နေတယ်၊ စီးပွါးရေး အဆင်မပြေတာများ ကြုံရရင် စိုးရိမ်စိတ်က ပိုများလို့ ဘုရားကိုတောင် မေ့သွားပါပြီ။ ဘုရားက သူတို့ကို ဘယ်လောက်ချစ်သလဲဆိုတာကို သူတို့ မသိကြတော့ပါဘူး။ ဘုရားက အရာရာကို တတ်နိုင်တယ်ဆိုတာကိုလည်း မယုံကြတော့ဘူး၊ ဘာသာခြားတွေလို ကိုယ်လုပ်မှ ကိုယ်စားရမှာ ၊ ဘယ်ဘုရားမှ မယုံနဲ့ဆိုပြီး ဘုရားကို ပစ်ပယ်လာကြတယ်။ ဒီလိုနဲ့ လောကရဲ့အတွေးအခေါ် နောက်ကို လိုက်ရင်းနဲ့ ဘုရားရဲ့တရားတော်ကို မကျင့်ကြံတော့ဘူး။ ဘာသာသူတို့ ဘယ်သူရဲ့ အတွေးအခေါ် အယူအဆနောက်ကိုမှ မလိုက်ကြပါနဲ့။ ဘုရားရဲ့တရားတော်ကသာ အမှန်ဆုံးပါပဲ။ အကောင်းဆုံး ကျင့်စဉ်ပါပဲ။ အဲဒီကျင့်စဉ်က လူကို တန်ဖိုးရှိစေတယ်၊ သိက္ခာရှိစေတယ်။ လူ့ဘဝအသက်ရှင်စဉ်မှာ ရည်ရွယ်ချက် ရှိစေတယ်၊ အဓိပ္ပါယ်ရှိစေတယ်။

စက်ပစ္စည်းတိုင်းမှာ စက်ကို အသုံးပြုပုံ Manual စာအုပ် ရှိသလို လူ့ဘဝအတွက်လည်း Manual စာအုပ်ကတော့ ကျမ်းစာအုပ်ပဲ ဖြစ်ပါတယ်။ ဝယ်လာတဲ့စက်ကို Manual စာအုပ်အတိုင်း အသုံးမပြုရင် စက်က ပျက်မှာပဲ။ လူ့ဘဝကိုလည်း ကျမ်းစာအုပ်အတိုင်း မကျင့်ကြံမနေထိုင်ရင် ပျက်စီးမှာပဲ သေချာတယ်။

ဘာသာသူတို့ နှုတ်တော်ထွက်စကား (ကျမ်းစာ)ဟာ အန်မတန်အရေးကြီးလွန်းလို့ မဖြစ်မနေ သင်ယူကြပါ။ ကိုယ့်သားသမီးတွေကို အခြားသင်တန်းတွေမှာ မပို့နိုင်ရင်နေပါစေ။ ကျမ်းစာသင်တန်းကို မပို့ရင် ကျမ်းစာအတိုင်း မကျင့်ကြံရင် ပျက်စီးမှာပဲ။

နောက်ဆုံးမျိုးစေ့ အမျိုးအစားကတော့ ကောင်းတဲ့မြေပေါ်မှာကျတဲ့မျိုးစေ့ ဖြစ်ပါတယ်။ နှုတ်တော်ထွက်စကား(ကျမ်းစာစကား)ကို ကြားတယ်။ နားလည်တယ်။ စဉ်းစားဆင်ခြင်တယ်။ စွဲစွဲမြဲမြဲ စိတ်အားထက်သန်တယ်။ ကောင်းချင်တယ်။ ဒါကြောင့် နေ့တိုင်း သတိပြု ကျင့်ကြံတယ်။ ဒီလို လုပ်လို့ အကျိုးဆက်ကတော့ ဆပွါးတိုးတက်တယ်။ ကောင်းကြီးခံရတဲ့မိသားစု ဖြစ်စေတယ်။ မင်္ဂလာရှိတဲ့သူ ဖြစ်လာစေတယ်။

ဘာသာသူတို့ သင့်ကို မပျက်စီးစေချင်လို့ ဘုရားက ကျမ်းစာစကားအားဖြင့် လမ်းညွှန်နေတယ်နော်။ သင်က ဘယ်လောက်တောင် အရေးတယူရှိပါသလဲ။ သင့်ဆုံးဖြတ်ချက်က သင့်အနာဂတ်ပါပဲ။ ကောင်းချင်သလား/ဆိုးချင်သလား သင့် ရွေးချယ်ပါ။ လူကောင်းဖြစ်ချင်သလား/ လူဆိုး ဖြစ်ချင်သလား သင် ရွေးချယ်ပါ။ ဘုရားကတော့ သင့်ကို လမ်းညွှန်ပြီး အကူအညီပေးဖို့ အဆင်သင့်ပါပဲ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။